# ACC Against COVID-19




# အစီအစဉ် (၂၁)

## “(COVID–19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသုံး စက်ပစ္စည်း ကိရိယာများဝယ်ယူဖြန့်ဖြူးမှု လုပ်ငန်းများတွင်ဆောင်ရွက်ထားရှိမှုအခြေအနေ”

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

Coronavirus Disease 2019 (COVID-19) ရောဂါ မြန်မာနိုင်ငံတွင် စတင်ဝင်ရောက်ကူးစက်ချိန်မှစ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသုံးပစ္စည်းကိရိယာများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖြန့်ဝေခြင်းဆောင်ရွက်ခဲ့ပါသည်။





ထိုသို့ ခွဲဝေပေးရာတွင်
ရောဂါပိုးတွေ့ရှိမှုအနေအထား၊
အသွားအလာကန့်သတ်စောင့်ကြည့်သော
နေရာများ (Quarantine Sites) အခြေအနေ၊
လိုအပ်ချက်များနှင့်အညီ
ဖြန့်ဖြူးထောက်ပံ့ပေးနိုင်ရန်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲနှင့်
ကုသရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေး
ဌာနခွဲတို့မှပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင်အရေးပေါ်ရန်ပုံငွေဖြင့် Thermal Scanner ဝယ်ယူခွင့်တင်ပြရာအရေးပေါ် လိုအပ်ခြင်းအတွက် တင်ဒါခေါ်ယူဆောင် ရွက်ပါက အချိန်ကြန့်ကြာနိုင်ခြင်း၊ ဈေးနှုန်း မှန်ကန်ရေးအတွက် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆောင် ရွက်ထားခြင်းတို့ကြောင့် နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ပါ တင်ဒါ လုပ်ထုံးလုပ်နည်းအား အထူးကိစ္စတစ်ရပ်အနေဖြင့်ကင်းလွတ်ခွင့်ပြုပါရန် တင်ပြဆောင်ရွက်ခဲ့ပါသည်။



၂၀၂၀ ခုနှစ်၊ မတ်လအတွင်း (COVID–19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ အရေး ပေါ်ဝယ်ယူရန် ပစ္စည်းလက်ဝယ်ရှိသည့် ကုမ္ပဏီများအား စုံစမ်းခြင်း၊ ဈေးကွက်အတွင်း စုံစမ်းခြင်းတို့ ဆောင်ရွက်ရာတွင် ဈေးနှုန်းကြီးမြင့်ခြင်း၊ ပစ္စည်းလက်ဝယ် မရှိခြင်းတို့ ရင်ဆိုင်ကြုံတွေ့ရပါသည်။



နိုင်ငံတကာတွင်လည်း (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ မလုံလောက်မှု၊ မတန်တဆဈေးနှုန်း ကြီးမြင့်မှုများ ရင်ဆိုင်ကြုံ တွေ့ရပါသည်။



မြန်မာနိုင်ငံတွင်(၂၃-၃-၂၀၂၀)ရက်နေ့၌ COVID-19(+)လူနာ စတင်တွေ့ရှိခဲ့ပြီး နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ခရီးစဉ်များရပ်ဆိုင်းထားခြင်း၊ အသွားအလာ ကန့်သတ် ထိန်းချုပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နည်းတူ နိုင်ငံတကာ တွင်လည်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးခရီးစဉ်များ ရပ်ဆိုင်းထားခြင်း၊ ကုန်ပစ္စည်း ထုတ်လုပ်သည့်နိုင်ငံများတွင် Lock Down ပြုလုပ်ထားခြင်း၊ နိုင်ငံတကာ သုံးငွေကြေးနှုန်းထားများ ပြောင်းလဲခြင်းဖြစ်ပေါ်လျှက် ရှိပါသည်။



သို့ဖြစ်ပါ၍ (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးနိုင်ရန်၊ နိုင်ငံတကာတွင် ကြုံတွေ့နေသော ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်ခြင်းများ မဖြစ်ပေါ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ (၂၆-၃-၂၀၂၀) ရက်နေ့တွင် Coronavirus Disease 2019 (COVID-19)အတွက် ဆေးရုံများ၏ ပြင်ဆင်ထားရှိမှု သုံးသပ်ရေးနှင့် လိုအပ်သည်များဖြည့်ဆည်းဝယ်ယူရေးဆိုင်ရာ (Ad hoc Committee) ကို ဖွဲ့စည်းပြီး အမြန်သုံးသပ်ဆောင်ရွက်စေခဲ့ ပါသည်။



နိုင်ငံတော် အစိုးရမှလည်း (COVID-19)နှင့် ပတ်သက်၍ ကျန်းမာရေးနှင့် သက်ဆိုင်သော ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော် သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇တွင် "အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံး လုပ်နည်း"နှင့် တင်ဒါလုပ်ငန်းစဉ်များမှ ကင်းလွတ်၍ တိုက်ရိုက် ဝယ်ယူနိုင်ရန် (၃၀-၃-၂၀၂၀) ရက်နေ့တွင် ကင်းလွတ်ခွင့် ပြုခဲ့ပါသည်။



ယင်းသို့ဝယ်ယူရာတွင် ပြည်တွင်းပြည်ပမှအလှူရှင်များ၊နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ရရှိမည့် လှူဒါန်းပစ္စည်းများပေါ်မူတည်၍ ထပ်မံလိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများကို စိစစ်၍ဝယ်ယူရန် တွက်ချက်ခြင်း၊ ကူးစက်နှုန်း အနည်းဆုံးနှင့်အများဆုံး ဖြစ်ပွားနေသော အခြားနိုင်ငံများ၏ နေ့စဉ်လူနာဖြစ်ပွားနိုင်မှုကို အခြေခံပြီး အလယ်အလတ် ကူးစက်ဖြစ်ပွားနှုန်းဖြင့် ခန့်မှန်းတစ်လစာ တွက်ချက်၍ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးနိုင်ရန် ပစ္စည်းရရှိနိုင်မှု အချိန်ကာလ တွက်ချက်ခြင်းတို့ပေါ် မူတည်၍ဝယ်ယူရန် စီစဉ်ဆောင်ရွက်ပါသည်။



# (၂၇-၃-၂၀၂၀) ရက်တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ နေ့စဉ် COVID-19 အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်

နိုင်ငံတကာနှင့် ပြည်တွင်း ဈေးကွက်
အတွင်းပစ္စည်းများ
ပြတ်လပ်မှုများရှိနေပါသဖြင့်

အရေးပေါ်လိုအပ်ချက်အား
ဖြည့်ဆည်းနိုင်ရေး အတွက်
ကုန်ပစ္စည်း လက်ဝယ်ရှိသော
ကုမ္ပဏီများ ထံမှ ပုံမှန်ဈေးဖြင့်
ရရှိနိုင်သော

ဆေးနှင့်ဆေးပစ္စည်းများ၊
စက်ပစ္စည်းများအား
လည်းကောင်း၊

မရှိမဖြစ်လိုအပ်သောဆေးနှင့်
ဆေးပစ္စည်းများ၊ စက်ပစ္စည်းများ အား
ပစ္စည်းရရှိနိုင်မည့်နေရာများမှ
ကာလပေါက်ဈေးဖြင့် လည်းကောင်း၊

တိုက်ရိုက်ဝယ်ယူခဲ့ခြင်းများ
ဆောင်ရွက်ခဲ့ပြီး Stock Piling
ပြုလုပ်နိုင်အောင်
ဆောင်ရွက်ခဲ့ရပါသည်။

## လက်ဝယ်ရရှိနိုင်သော ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများသို့ တိုက်ရိုက်ဆက်သွယ်ပြီးသင့်တော်သောအရည်အသွေး၊

| | |
|---|---|
| ဈေးနှုန်းများကိုဝယ်ယူရေးအဖွဲ့မှ စိစစ်၍ | ဝယ်ယူရာတွင် အရေးပေါ်လိုအပ်ချက်ပေါ် မူတည်၍ |

## အချိန်နှင့်တစ်ပြေးညီ ပစ္စည်းရရှိနိုင်ရန်၊ ပံ့ပိုးနိုင်ရန်

| | |
|---|---|
| ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် | စက်ပစ္စည်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တင်ပြခွင့်ပြုချက်တောင်းခံ၍သော်လည်းကောင်း၊ |

## ဝယ်ယူရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင်

| | |
|---|---|
| ဝယ်ယူရေးအဖွဲ့၊ ဌာန၏တင်ဒါကော်မတီ၊ | Ad hoc ကော်မတီတို့ ၏တင်ပြချက်ဖြင့် ကြိုတင်ခွင့်ပြုမိန့်တောင်းခံ၍ လည်းကောင်းဝယ်ယူခဲ့ပါသည်။ |

ဝယ်ယူပြီးပစ္စည်းများရောက်ရှိလာပါက ဖွင့်ဖောက်စစ်ဆေးခြင်းများပြုလုပ်ပြီး
အရည်အသွေးပြည့်မီစေရန် ဖွင့်ဖောက်စစ်အဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။



သိုလှောင်ရုံများရှိပစ္စည်းစာရင်း
များကိုပြည်သူ့ကျန်းမာရေးနှင့်
ကုသရေးဦးစီးဌာန၊

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
တွင် စုစည်း၍
လိုအပ်သောနေရာများသို့





epidemiological situation
ပေါ်မူတည်၍လည်းကောင်း၊

အသုံးပြုမှုပေါ်မူတည်၍
လိုအပ်ချက်များတင်ပြတောင်း
ခံလာသည်များကိုစိစစ်၍
လည်းကောင်း၊

ပစ္စည်းလက်ဝယ်ကျန်ရှိမှု
တို့အပေါ်မူတည်၍
လည်းကောင်း၊
အထက်အဆင့်ဆင့်၏
ခွင့်ပြုမိန့်ရယူပြီးပြန်လည်
ဖြန့်ဖြူးပေးခဲ့ပါသည်။

(COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးနိုင်ရန် ဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရာတွင် ပစ္စည်းများမှန်ကန်မှုရှိစေရေး၊ ကာလပေါက်ဈေးထက် ပိုမိုခြင်းမရှိစေရေး၊ ပစ္စည်းဆုံးရှုံးလေလွင့်မှု မရှိစေရေးတို့အတွက် Ad hoc ကော်မတီ၊ တင်ဒါကော်မတီ၊ အဖွဲ့များဖြင့် ခွင့်ပြုချက်ရယူ ဆောင်ရွက်ခဲ့ပါသည်။



COVID-19ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရေးကော်မတီကို (၃-၅-၂၀၂၀)ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ (၃-၅-၂၀၂၀)ရက်နေ့မှစတင်၍ (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုက်ရိုက်ဝယ်ယူခြင်း မပြုဘဲ ရေတို (၃)လစာ လိုအပ်ချက်၊ ရေရှည်လိုအပ်ချက်များကို အဆိုပါဝယ်ယူရေး ကော်မတီသို့ ဝယ်ယူနိုင်ရေးအတွက် တင်ပြခဲ့ပါသည်။



“(COVID–19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အတွက် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူရေးကော်မတီ” မှဝယ်ယူခြင်း မပြုလုပ်ခဲ့ဘဲ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ COVID –19 Economic Relief Plan တွင်ပါဝင်သော Action Plan တွင် ပထမ (၃)လစာ လိုအပ်ချက်အပြင် ထပ်မံ၍ (၄) လစာ လိုအပ်ချက်နှင့် ရေရှည်ထပ်မံ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူပေးရန် တင်ပြခဲ့ ပါသည်။





နိုင်ငံတော်အစိုးရအနေဖြင့် COVID-19 ကပ်ရောဂါထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအတွက် လိုအပ်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ဖြန့်ဖြူးရာတွင် လွယ်ကူလျင်မြန် ထိရောက်စေရန်နှင့် အဂတိလိုက်စားမှုများကြောင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန်အတွက် ဝယ်ယူရေး အထူးကော်မတီဖွဲ့စည်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နေမှုများအား အများပြည်သူသိရှိစေရန် အသိပေးတင်ပြ အပ်ပါသည်။





တင်ပြသူ

- ဒေါက်တာဆွေဇင်ဝင်း

  ညွှန်ကြားရေးမှူး (ဝယ်ယူဖြန့်ဖြူးရေး)

- ဒေါက်တာသန်းနိုင်ဦး

  ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

  ပြည်သူ့ကျန်းမာရေးဦးစီးဌာန

  ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန